# စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ


NYAN LYNN THIT ANALYTICA

## သုတေသနနည်းနာ

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဆိုသည်မှာ ခုခံနိုင်ခြင်းမရှိသည့် လက်နက်မဲ့သူများ အထူးသဖြင့် အပြစ်မဲ့အရပ်သားအများအပြားကို သတ်ဖြတ်ခြင်းကို ဆိုလိုပါသည်။ ထိုသတ်ဖြတ်မှုများမှာ အချိန်အတိုင်းအတာတခုအတွင်း နေရာတခု (သို့) ဒေသတခု၌ အစုအဖွဲ့တခုမှ ကျူးလွန်ခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင် အရပ်သားများအကြမ်းဖက်သတ်ဖြတ်ခြင်းခံရသည့် ပုံစံအမျိုးအစားများကိုပါ ထည့်သွင်းစဉ်းစားပါသည်။ ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ (၄) လတာ ကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် အရပ်သား (၅)ဦးနှင့် (၅)ဦးအထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များကို လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ဤအချက်အလက်များကို တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သောသတင်းမီဒီယာ စုစုပေါင်း (၄၁) ခုမှ ဖော်ပြချက်များကို အခြေခံကာ ထုတ်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။

## ၂၀၂၄ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း စစ်အုပ်စု၏အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

၂၀၂၄ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ (၄) လတာအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သော အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ပေါင်း အနည်းဆုံး (၄၆) ကြိမ်ရှိခဲ့ပြီး အရပ်သားသေဆုံးသူ စုစုပေါင်း (၃၆၉) ဦး ရှိခဲ့သည်။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ (၄) လတာအတွင်း စစ်အုပ်စုသည် လေကြောင်းအသုံးပြုခြင်း၊ စစ်ကြောင်းထိုးဝင်ရောက်ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်း၊ လက်နက်ကြီးနှင့် လေကြောင်းတပြိုင်နက်အသုံးပြုခြင်းအပြင် အခြားပုံစံများဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသည်။




**ဖြစ်စဉ်ပေါင်း**

**၄၆**

၂၀၂၄ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း

လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်

အနည်းဆုံး (၄၆) ခု ထိရှိခဲ့သည်။



အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် **၃၆၉**


လေကြောင်းအသုံးပြု၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် **၁၆၈**

၂၀၂၄ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း လေကြောင်းအသုံးပြုမှုကြောင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသောအရပ်သားအရေအတွက်သည် စုစုပေါင်း၏ ၄၆%ရှိသည်။

# ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကြောင့် အရပ်သားသေဆုံးမှုများ

NLTA
NYAN LYNN THIT ANALYTICA

၅ — ၃၀





| မြို့နယ် | သေဆုံးသူ စုစုပေါင်း |
|---|---|
| စစ်တွေ | ၃၀ |
| တန့်ဆည် | ၂၇ |
| မင်းပြား/တမူး | ၂၂ |
| ကလေး | ၂၁ |
| ဝန်းသို/ဆီဆိုင် | ၁၉ |

### (၁) လေကြောင်းအသုံးပြု၍ သတ်ဖြတ်ခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ (၄) လတာကာလအတွင်း စစ်အုပ်စု၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားများအစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး သေဆုံးမှုအရေအတွက်မှာလည်း အများဆုံးဖြစ်ခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတဝှမ်းတွင် စစ်အုပ်စု၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားများအစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့်ဖြစ်စဉ် အနည်းဆုံး (၂၃)ခု ရှိခဲ့ပြီး သေဆုံးသူစုစုပေါင်း (၁၆၈) ဦး ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များမှာ ရှမ်း(မြောက်ပိုင်း)တွင် (၆)ခု၊ ရခိုင်တွင် (၄)ခု၊ စစ်ကိုင်းတွင် (၄)ခု၊ ကချင်တွင် (၂)ခု၊ ကရင်တွင် (၂)ခု ၊ ကရင်နီတွင် (၂)ခု၊ ချင်းတွင် (၂)ခုနှင့် ပဲခူးတွင် (၁)ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ထိုဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့် အရပ်သားများမှာ ရခိုင်တွင် (၄၀)ဦး၊ ရှမ်း(မြောက်ပိုင်း)တွင် (၃၄)ဦး၊ စစ်ကိုင်းတွင် (၃၂)ဦး၊ ကရင်တွင် (၁၈)ဦး၊ ချင်းတွင် (၁၂)ဦး၊ ကချင်တွင် (၁၁)ဦး၊ ကရင်နီတွင် (၁၁)ဦးနှင့် ပဲခူးတွင် (၁၀)ဦးတို့ဖြစ်ကြသည်။ ထိုဖြစ်စဉ်များအနက် ၂၀၂၄ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့တွင် ရခိုင်၊ မင်းပြားမြို့နယ်၊ သာဒါကျေးရွာတွင် ဖြစ်ပွားခဲ့သော စစ်အုပ်စု၏ လေကြောင်းပုံးကြဲတိုက်ခိုက်မှုသည် အရပ်သားသေဆုံးမှုအများဆုံးဖြစ်ပြီး ကလေးငယ် (၉) ဦးအပါအဝင်သေဆုံးသူ (၂၂) ဦးအထိရှိခဲ့သည်။





၂၀၂၄ ဇန်နဝါရီလမှ ၂၀၂၄ ဧပြီလအထိ စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်ကို မြို့နယ်အလိုက်ပြပုံ

### (၂) စစ်ကြောင်းထိုးဝင်ရောက်စဉ် သတ်ဖြတ်ခြင်း

အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များတွင် စစ်အုပ်စုနှင့် ပျူစောထီးများက တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားရာဒေသများအနီးရှိ ကျေးရွာများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အားကောင်းသည်ဟု ယူဆသည့်ကျေးရွာများသို့ စစ်ကြောင်းထိုးဝင်ရောက်၍ အရပ်သားများကို ဖမ်းဆီးကာ ညှင်းပန်းနှိပ်စက်သတ်ဖြတ်သည့် ဖြစ်စဉ်များလည်း ရှိခဲ့သည်။

စစ်အုပ်စုမှ စစ်ကြောင်းထိုးဝင်ရောက်စဉ် အရပ်သားများကို သတ်ဖြတ်ခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ် အနည်းဆုံး (၁၁) ခုရှိခဲ့ပြီး သေဆုံးသူစုစုပေါင်း (၉၁) ဦး ရှိခဲ့သည်။ အဆိုပါ ဖြစ်စဉ်များမှာ စစ်ကိုင်းတွင် (၅)ခု၊ ကရင်နီတွင် (၂)ခု၊ မကွေးတွင် (၁)ခု၊ ပဲခူးတွင် (၁)ခု၊ မန္တလေး (၁)ခုနှင့် ရှမ်း(တောင်ပိုင်း)တွင် (၁)ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ သေဆုံးခဲ့ရသည့် အရပ်သားများမှာ စစ်ကိုင်းတွင် (၅၂) ဦး၊ ကရင်နီတွင် (၁၃) ဦး၊ မကွေးတွင် (၁၀)ဦး၊ ပဲခူးတွင် (၆)ဦး၊ မန္တလေး (၅)ဦးနှင့် ရှမ်း(တောင်ပိုင်း)တွင် (၅)ဦး တို့ဖြစ်ကြသည်။ အဆိုပါဖြစ်စဉ်များအနက် ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် စစ်အုပ်စုက စစ်ကိုင်း၊ ဝန်းသိုမြို့နယ်အတွင်း စစ်ကြောင်းထိုးဝင်ရောက်ကာ အရပ်သား (၁၉) ဦးကို သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်မှာ အရပ်သားသေဆုံးမှု အများဆုံးဖြစ်ခဲ့သည်။


ထို့အပြင် ၂၀၂၄ခုနှစ်၊ ဧပြီလ(၁၇)ရက်တွင် ရခိုင်၊ မောင်တောမြို့နယ်၊ သရက်အုပ်ကျေးရွာအုပ်စု၊ အဘူဂျာကျေးရွာမှ ရိုဟင်ဂျာ (၅) ဦး ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရသည်။ အဆိုပါဖြစ်စဉ်ကို အာရက္ခတပ်တော်(AA)မှ ကျူးလွန်သည်ဟု ပြောဆိုမှုများရှိသော်လည်း RFA သတင်းဌာန၏ မေးမြန်းချက်တွင် အာရက္ခတပ်တော် (AA) ၏ ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခက ၎င်းတို့အနေဖြင့် ဒေသခံများကို ဖမ်းဆီးခြင်းနှင့် သုံ့ပန်းများအား သတ်ဖြတ်ခြင်းများကို ပြုလုပ်ခြင်းမရှိဟု ပြန်လည်ဖြေကြားခဲ့ပါသည်။




၂၀၂၄ ဇန်နဝါရီလမှ ၂၀၂၄ ဧပြီလအထိ
စစ်ကောင်စီမှ စစ်ကြောင်းထိုးဝင်ရောက်စဉ် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်ကို မြို့နယ်အလိုက်ပြပုံ

## (၃) လက်နက်ကြီးဖြင့် သတ်ဖြတ်ခြင်း

စစ်အုပ်စု၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားများ၏ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရပြီး ကလေးငယ်များအပါအဝင် အရပ်သားများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ (၄) လတာ ကာလအတွင်း စစ်အုပ်စု၏ လက်နက်ကြီးဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ် အနည်းဆုံး (၆)ခု ရှိခဲ့ပြီး (၅၂)ဦးသေဆုံးခဲ့သည်။ အဆိုပါ ဖြစ်စဉ်များမှာ ရခိုင်တွင် (၂)ခု၊ ကချင်တွင် (၂)ခု၊ ကရင်တွင် (၁)ခုနှင့် ရှမ်း(တောင်ပိုင်း)တွင် (၁)ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ အဆိုပါဖြစ်စဉ်များကြောင့် ရခိုင်တွင် (၃၀)ဦး၊ ကချင်တွင် (၁၀)ဦး၊ ရှမ်း(တောင်ပိုင်း)တွင် (၇)ဦးနှင့် ကရင်တွင် (၅)ဦးသေဆုံးခဲ့ရသည်။ ရခိုင်၊ စစ်တွေမြို့ ကိုရီးယား ဆိပ်ကမ်းရှိ ဈေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်တွင် စစ်အုပ်စုမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားသေဆုံးသူ (၂၂) ဦးထိ ရှိခဲ့သည်။




၂၀၂၄ ဇန်နဝါရီလမှ ၂၀၂၄ ဧပြီလအထိ စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးခဲ့သော အရပ်သားအရေအတွက်ကို မြို့နယ်အလိုက်ပြပုံ

## (၄) အခြားပုံစံများဖြင့် သတ်ဖြတ်ခြင်းများ

စစ်အုပ်စုသည် အရပ်သားများအပေါ် အစုအလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများကို အခြားပုံစံများ ဖြင့်လည်း ကျူးလွန်ခဲ့ကြသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ (၄)လတာ ကာလအတွင်း ဖြစ်စဉ်ပေါင်း (၃)ခုရှိခဲ့ပြီး ရှမ်း(မြောက်ပိုင်း)၊ ရှမ်း(တောင်ပိုင်း)နှင့် မန္တလေးတို့တွင် ၁ခုစီဖြစ်ပွားခဲ့ သည်။ ရှမ်း(မြောက်ပိုင်း)နှင့် မန္တလေးတွင် အရပ်သား (၅)ဦးစီ သေဆုံးခဲ့ကာ ရှမ်း(တောင်ပိုင်း)တွင် သေဆုံးသူ (၁၂)ဦးအထိ ရှိခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ (၂၁) ရက်တွင် ရှမ်း(မြောက်ပိုင်း)၊ မိုးမိတ်မြို့ တောင်ပိုင်းရပ်ကွက်မှ ဒေသခံ (၆) ဦးသည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးစဉ် မြေပြင်တွင်ရှိနေ သည့် စစ်သားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ဒေသခံ (၅) ဦး သေဆုံးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ (၂၇) ရက်၊ ညပိုင်းတွင် မြင်းခြံမြို့သို့ သွားရောက်သည့် တောင်သာမြို့နယ်မှ လူငယ် ၅ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်တွင် ရှမ်း(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်တွင် ပအိုဝ်းအမျိုးသား (၁၂) ဦးကို စစ်ကောင်စီတပ်က ပစ်သတ်ခဲ့သည်။

## (၅) လက်နက်ကြီးနှင့် လေကြောင်းတပြိုင်နက် အသုံးပြုသတ်ဖြတ်ခြင်း

စစ်အုပ်စုသည် တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားချိန်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အရပ်သားများ၏နေအိမ်များကို ပစ်မှတ်ထားကာ လေကြောင်းအပါအဝင် လက်နက်ကြီးနှင့် ပစ်ခတ်မှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဥ်များလည်း ရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ (၄) လတာ ကာလအတွင်း စစ်အုပ်စု၏ လက်နက်ကြီးနှင့် လေကြောင်းတပြိုင်နက် အသုံးပြုသတ်ဖြတ်ခြင်းဖြစ်စဥ် (၂)ခုရှိခဲ့ပြီး (၃၁)ဦးသေဆုံးခဲ့သည်။ စစ်ကိုင်းနှင့် ရှမ်း(မြောက်ပိုင်း) တွင် ဖြစ်စဥ် (၁)ခုစီဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတွင် (၂၁)ဦးနှင့် ရှမ်း(မြောက်ပိုင်း)တွင် (၁၀)ဦးသေဆုံးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ(၁၆)ရက်တွင် စစ်ကိုင်း၊ ကလေးမြို့နယ်၊ ကျောင်းတိုက်ကျေးရွာ၌ တိုက်ပွဲဖြစ်ပွားချိန် စစ်အုပ်စုက လေကြောင်းအပါအဝင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျောင်းတိုက်ကျေးရွာမှ အမျိုးသား(၁၀)ဦးနှင့် အမျိုးသမီး (၁၁)ဦး သေဆုံးခဲ့သည်။







၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ ဧပြီလအထိ စစ်အုပ်စု၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ကြောင့် အရပ်သားသေဆုံးမှုအရေအတွက်

စုစုပေါင်း **၂၄၉၀**


သေဆုံးခဲ့သည့် ၂၄၉၀ဦး အနက် အရပ်သားများနှင့်အတူ သတ်ဖြတ်ခံခဲ့ရသည့် တော်လှန်ရေးအင်အားစုအရေအတွက် ၄၂ ဦး (စစ်ကိုင်း ၄၁ ဦးနှင့် မကွေး ၁ ဦး) ပါဝင်ပါသည်။




၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ ဧပြီလအထိ
စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့်သေဆုံးခဲ့သောအရပ်သားအရေအတွက်ကို ဒေသအလိုက်ပြပုံ

၂၀၂၁ ဖေဖော်ဝါရီလ မှ၂၀၂၄ ဧပြီလအထိ စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဥ်

အနည်းဆုံး **၂၆၀**





NYAN LYNN THIT ANALYTICA

၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ဧပြီလအထိ
စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဥ်များကို ဒေသအလိုက်ပြပုံ

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလ အထိ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကြောင့် အရပ်သားသေဆုံးမှုများ

၅ ၂၁၇

NYAN LYNN THIT ANALYTICA




| မြို့နယ် | သေဆုံးသူ စုစုပေါင်း |
|---|---|
| ကန့်ဘလူ | ၂၁၇ ဦး |
| ယင်းမာပင် | ၁၀၃ ဦး |
| ဖားကန့် | ၉၀ ဦး |
| ပဲခူး | ၈၂ ဦး |
| ကလေး | ၇၄ ဦး |